# ထာဝရဘုရားသည်
# ငါ၏သိုးထိန်းဖြစ်တော်မူ၏

**ထာဝရဘုရား! ထာဝရဘုရားဆိုသူမှာ မည်သူနည်း?** မည်ကဲ့သို့သော အင်္ဂါရပ်များရှိသနည်း? မိမိဘဝအတွက် အမှန်တကယ်လိုအပ်သောသူ၊ မိမိဘဝ၏အရှင်သခင်၊ မိမိဘဝကို အုပ်ထိန်းသူအဖြစ် သက်သေအထောက်အထား ခိုင်လုံသူဖြစ်ကြောင်း မည်သို့သိနိုင်မည်နည်း? **"ထာဝရဘုရားသည် ငါ၏ သိုးထိန်းဖြစ်တော်မူသည်"** ဟု ဖော်ပြထားသောကြောင့် သူ၏ ထိန်းချုပ်မှု အောက်၌ အသက်ရှင်သွားလာတတ်ရန်နှင့် သူ၏ ကြင်နာစွာပိုက်ထွေးထားသော လက်အစုံအားဖြင့် သူအလိုရှိသော ပုံသွင်းမွမ်းမံခြင်းခံ ကြွယ်ဝသောအသက်တာလမ်းကြောင်းကို မည်သို့ရရှိနိုင်မည်နည်း? အစရှိ မေးခွန်းများသည် အရေးကြီးသော မေးခွန်းများဖြစ်ပြီး အခြေခံကျကျ ရိုးသားစွာ စစ်ဆေးပုံဖော်တတ်ရန် လိုအပ်ပါသည်။

တခါတရံ ခရစ်ယာန်အများစုအနေဖြင့် သမ္မာကျမ်းစာ၌ ရိုးရှင်းစွာ ဖော်ပြထားသော ယေဘူယျကျကျ အကြောင်းအရာများအပေါ် နက်နဲစွာ တွေးတောခြင်းဖြင့် လိုရင်းအဓိပ္ပါယ်မှ သွေဖယ်သွားတတ်သည်။ ဤလင်္ကာကို စပ်ဆိုခဲ့သော ဒါဝိဒ်ကိုယ်တိုင်ပင် သိုးထိန်းမိသားစုမှ မွေးဖွားခဲ့သော သိုးကျောင်းသား စစ်စစ်တစ်ယောက်ဖြစ်ပြီး နောင်တချိန်၌ ဣသရေလအမျိုး၏ **"သိုးကျောင်းသားဘုရင်"** အဖြစ် ဘိသိတ်ခံရသည်။

**"ထာဝရဘုရားသည် ငါ၏သိုးထိန်းဖြစ်တော်မူသည်"** ဟု ရေးဖွဲ့ရာတွင် ဒါဝိဒ်သည် သူကိုးကွယ်သော ယေဟောဝါဘုရား၊ ဣသရေလလူမျိုးတို့၏ ဘုရားသခင်ကို ညွှန်းဆိုခြင်းဖြစ်ပြီး ထိုအချက်ကို ကယ်တင်ပိုင်ရှင် ယေရှုအားဖြင့် အထောက်အထားခိုင်လုံခဲ့သည်။ သခင်ယေရှုကိုယ်တိုင်က လူဇာတိအဖြစ်ခံယူစဉ်ပင် **"ငါသည် ကောင်းသောသိုးထိန်းလည်းဖြစ်၏"** (ယော ၁၀း၁၁) ဟု မိန့်တော်မူခဲ့သည်။ သို့သော်ဝမ်းနည်းစရာကောင်းသော အချက်မှာ ယနေ့ခရစ်ယာန်များသည် ထိုကယ်တင်ရှင်ကို မိမိတို့အသက်တာ၌ အုပ်ထိန်းပြုပြင်ပိုင်ခွင့် အပြည့်အဝမပေးဘဲ ထိုသူသည် မိမိ၏ သိုးထိန်းဖြစ်သည်ဟူ၍ ကြိမ်ဖန်များစွာ ပေါ့လျော့စွာ လွယ်ကူစွာ ဝန်ခံနေကြခြင်းဖြစ်သည်။

ထိုသူသည် ဤကမ္ဘာလောကနှင့် လောကဓာတ်တို့ကို ဖန်ဆင်းသူ သဘာဝလွန် အရာဝတ္ထုများအပေါ် အုပ်စိုးဖန်ဆင်းသူဖြစ်ကြောင်း (ကော ၁း၁၅–၂၀) သိရှိသော်လည်း မိမိတို့နှလုံးသားအတွင်း သေးငယ်သောနေရာကိုပင် ပေးရန် တွန့်တိုကြသည်။ ထိုသခင်၏ကောင်းမြတ်စုံလင်ခြင်း တန်ခိုးတော်နှင့် သူပေးအပ်ထားသောကောင်းချီးမင်္ဂလာများအပေါ် ခေတ္တခဏမျှသာအချိန်ပေးဆင်ခြင်ခြင်းဖြင့်ပင် ဒါဝိဒ်ကဲ့သို့ မိမိတို့လည်း **"ထာဝရဘုရားသည် ငါ၏သိုးထိန်းဖြစ်တော်မူသည်"** ဟူ၍ ဂုဏ်ယူဝါကြွားစရာအကြောင်းရှိလာသည်။

ရှင်းလင်းစွာသိထားရန်အချက်မှာ ခမည်းတော်၊ သားတော်၊ သန့်ရှင်းသော ဝိညာဉ်တော်၏ မိမိအသက်တာပေါ် လုပ်ဆောင်ချက်တစ်ခုစီ၏ တန်ဖိုးဖြစ်သည်။ ခမည်းတော်သည် အရာခပ်သိမ်း၏ အစ၊ အရာခပ်သိမ်းကို ပုံဖော်အသက်သွင်းသူ ဖန်ဆင်းရှင် ကိုယ်တော်တိုင်ဖြစ်သည်။ သားတော်သည် ခမည်းတော်၏ စိတ်အကြံစည်အတိုင်းကို ပုံဖော်ပေးသူ၊ ကျွန်ုပ်တို့၏ ကယ်တင်ရှင်၊ အသက်ပေးပြီး အသွေးနှင့်ရွေးဝယ်သူဖြစ်သည်။ သန့်ရှင်းသောဝိညာဉ်တော်က သမ္မာတရားအား ထိုးထွင်းဉာဏ်ဖြင့် သိရှိနားလည်ရန်နှင့် ခမည်းတော် သားတော်တို့၏ လုပ်ဆောင်ချက် တစ်ခုစီအပေါ် ဉာဏ်မျက်စိ၊ ဝိညာဉ်မျက်စိကို အလင်းပေးခြင်းအားဖြင့် မိမိနှင့်ဘုရားအကြား ဆက်နွယ်မှုကို ပုံဖော်ပေးသူဖြစ်သည်။

ဤအချက်များအားဖြင့် ဘုရားသခင်နှင့် လူသားအကြား ဆက်နွယ်မှု၊ တော်စပ်မှု၊ မိဿဟာယရှိမှုတို့သည် မိဘနှင့်သားသမီးကဲ့သို့လည်းကောင်း၊ သိုးထိန်းနှင့်သိုးအုပ်စုကဲ့သို့လည်းကောင်း ဖြစ်ကြောင်း ယှဉ်တွဲလေ့လာကြည့်လျှင် ဘုရားသခင်၏ ရည်ရွယ်ချက်ကို သိရှိနိုင်ပါသည်။ ဘုရားသခင်သည် အပြစ်တရား၌ ကျရှုံးသွားသောလူနှင့် မိဿဟာယပြန်လည်ဖွဲ့နိုင်ရန် သားတော်သခင်ယေရှုအားဖြင့် အကောင်ထည်ဖော်ခဲ့ပြီး ထိုသခင်၏အသွေးသွန်းလောင်းခြင်းအားဖြင့် လူသားအပေါင်းကို အပြစ်နွံထဲမှ ကယ်တင်ခဲ့ခြင်းဖြစ်ကြောင်း ကြားခံဆက်သွယ်ပေးသူ ဝိညာဉ်တော်အားဖြင့် အတည်ပြုလက်ခံရမည်။ ထို့ကြောင့် ယနေ့တစ်စုံတစ်ယောက်က **"ထာဝရဘုရားသည် ငါ၏သိုးထိန်း**

**ဖြစ်တော်မူသည်”** ဟု ဝန်ခံခြင်းသည် ဖန်ဆင်းရှင်နှင့် ဖန်ဆင်းခံ သတ္တဝါများကြားရှိ မိဿဟာယကို အတည်ပြုသက်သေခံခြင်းပင်ဖြစ်တော့သည်။

သာမန်ရှု့တုံးရှု့ခဲလေးမှတဆင့် တော်ဝင်ကြွေပန်းအိုးအဖြစ် လှပစွာဖြစ်တည်လာခြင်း၌ ပုံဖော်ပြုလုပ်ပြောင်းလဲပေးသူ၏ရည်ရွယ်ချက်ကို လေ့လာလျှင် မြေမှုန့်မှ ဖန်ဆင်းသော သာမန်လူသားအဆင့်မှ ဘုရားသခင်နှင့် သီးသန့်သက်ဆိုင်သော ဘုရားသား၊ သမီးဖြစ်လာခွင့်သည် ထိုသခင်ကို ယုံကြည်အားကိုးသလို မိမိအသက်တာ အပြည့်အဝပုံအပ်ခြင်းဖြင့် သူ၏ဘုန်းတော်ထင်ရှားစေရန်ဖြစ်သည်။ ဤအချက်ကို အခြေပြု၍ မိမိဝိညာဉ်ရေးရာရင့်ကျက်မှုအတွက် သတိပြုဆင်ခြင်မိသောအခါ ဘုရားသခင်တည်းဟူသော ကယ်တင်ပိုင်ရှင်သည် မိမိ၏ ခန္ဓာ၊ စိတ်၊ ဝိညာဉ်နှင့်မည်မျှ နက်ရှိုင်းစွာ ဆက်နွယ်နေရမည်နည်း။ ဤလောက၌ ခဏတာ အသက်ရှင်ရချိန်အတွင်း ဝိညာဉ်ရေးရာ၌ မိမိဦးတည်မောင်းနှင်ရမည်။ အရပ်ဒေသကို သိရှိရမည်။ ထိုထက်မက ပိုပြီးလေးနက် ကျယ်ပြန့်သောကယ်တင်ရှင်၏ သဘောသဘာဝ၌ ဘုရားသခင်ကိုဗဟိုပြုသော အသက်တာဖြင့် အသက်ရှင်ရန်ဖြစ်သည်။ ဒါဝိဒ်သည် ဤလင်္ကာကို စပ်ဆိုသောအခါ မိမိကိုယ်ကို သိုးထိန်းဟုမဆိုဘဲ သိုးထိန်းကြီး၏ ထိန်းချုပ်မှုအောက်တွင်ရှိသော သိုးတစ်ကောင်အဖြစ် အားရပါးရ ချီးမွမ်းဂုဏ်ပြုရေးဖွဲ့ထားသည်။ တကယ့် နှလုံးသားထဲမှ ခံစားရသည့်အတိုင်း နှုတ်မှ ဝါကြွားကြွေးကြော်ချက်မှာ ထာဝရဘုရားကို မျက်မှောက်ပြုရင်းကြည့်ပါ။ ငါတို့အုပ်ချုပ်သူ၊ ငါ၏သခင် ဤသူသည် ငါ၏သိုးထိန်းပေတည်း” ဟူ၏။

သိုးထိန်းတစ်ဦး၏ အကျင့်စရိုက်လက္ခဏာအားဖြင့် သူထိန်းကျောင်းသော သိုးများအပေါ် လွှမ်းမိုးချယ်လှယ်မှုရှိကြောင်းကို ဒါဝိဒ်သည် ကနဦးထဲမှ လေ့လာသိရှိခဲ့သည်။ တချို့သိုးထိန်းများသည် မိမိထိန်းကျောင်းနေသော သိုးအုပ်စုအပေါ် နူးညံ့ကြင်နာပြီး ထက်မြက်သောအသိညာဏ်၊ ရဲရင့်ခြင်းစိတ်ဓါတ်အပြည့်ဖြင့် အုပ်ထိန်းတတ်သည်။ ထိုကဲ့သို့ ပြုစုခံရသော သိုးများသည် သိုးထိန်းကောင်း၏လက်၌ ကြီးထွားရင့်သန်လာပြီး ကောင်းစားခြင်းဖြင့် ငြိမ်ဝပ်စွာ အသက်ရှင်ရသည်။ **ထို့ကြောင့် ထာဝရဘုရားသည် ငါ၏ သိုးထိန်းအစစ်အမှန်ဖြစ်လျှင် ကျွန်ုပ်တို့သည် ထိုသိုးထိန်း၏ အင်္ဂါရပ်များနှင့် မိမိပေါ် ပြုပြင်ပြောင်းလဲပေး၍ ရလာသော အစွမ်းသတ္တိများကို ပြသရမည်။**

ဤအချက်ကို နှလုံးသွင်းဆင်ခြင်ရန် စာရေးသူသည် ကြယ်များလင်းလက်စုံလင်သော ကောင်းကင်အောက် အမှောင်ထုထဲ အကြိမ်ပေါင်းများစွာ လမ်းလျှောက်ရင်း ဖန်ဆင်းခြင်းအလှနှင့် ထိုသခင်၏ အံ့သြဖွယ်ရာ ခမ်းနားမှုတန်ခိုးသတ္တိကို ရှာဖွေသည့်အခါ မိမိယာယီခေတ္တလာရောက်နေထိုင်သော ဤဂြိုလ်ကမ္ဘာထက်ပင် ပို၍ ကြီးမားကျယ်ပြန့်သော ကြယ်နှင့် နက္ခတ်များကုဋေကုဋာ အထောင်အသောင်းမကတို့ကို အစီစဉ်တကျ စီမံဖြန့်ကျက်ထားသော ဖန်ဆင်းရှင်၏ အစွမ်းကား အံ့မခမ်းတည်း။ အခြားတဖက်မှ တဖန်ပြန်တွေးကြည့်မည်ဆိုလျှင် ဤကမ္ဘာမှ အဆင့်မြင့် အားအကောင်းဆုံး နက္ခတ်ကြည့်မှန်ပြောင်းကို အနီးဆုံးနေစကြာဝဠာသို့ သယ်ဆောင်ပြီး ထိုမှတဆင့်ကမ္ဘာဂြိုလ်ကို ပြန်လည်ရှာဖွေကြည့်လျှင် အစက်ပြောက်မျှပင် ရှာတွေ့ရသည်မဟုတ်။ ဤအချက်အားဖြင့် မြင်တတ်သော နှလုံးသားနှင့် တဆင့်ကြည့်လျှင်မာန်မာနကြီး နေရာတကာ လက်မထောင်တတ်သော လူ့သဘာဝနှင့် စရိုက်ကိုရိုက်ချိုးဖြစ်လေသည်။ လူသည် ဤအနတ္တစကြာဝဠာ၌မဟုတ် မိမိဂြိုလ်ကမ္ဘာ၌ပင် အမှုန်မွှားမျှမရေမရာ တည်ရှိနေသော ကျွန်ုပ်တို့ကို ဖန်ဆင်းရှင်ဘုရားသခင်က သိုးထိန်းကောင်းဆိုသော သူ၏ထိန်းချုပ်မှုအောက်၌ အသက်ရှင်သန်သော သိုး၊ သူ၏ တန်ဖိုးထား မျက်နှာရ ဂရုစိုက်ခံသတ္တဝါအဖြစ် ကျွန်ုပ်ကိုချီးမြှောက်ထားသူ ထိုသခင်မှတပါး အဘယ်သူသည် မိမိအပေါ် သာ၍ကောင်းနိုင်မည်နည်း?

ထိုကဲ့သို့ အလားတူ မိမိခြေဖဝါးအောက်၌ရှိ မြေကြီးကို လက်တစ်ဆုပ် ကောက်ယူပြီး အနုစိတ်မှန်ပြောင်းအောက် လေ့လာကြည့်လျှင် ကုဋေကုဋာမက ပေါင်းစပ်ဖွဲ့စည်းထားသော ဒြပ်စင်များကို တွေ့ရမည်။ အများစုသော ဒြပ်စင်တို့၏ အနုစိပ်ကလပ်စည်း ဖွဲ့စည်းတည်ဆောက်မှုများမှာ အဆင့်မြင့် ရှုပ်ထွေးပြီး ယနေ့ထိတိုင် သိပ္ပံပညာ၌ပင် သူတို့၏ အသုံးဝင်ဖွဲ့စည်းပုံကိုတိတိကျကျနားလည်နိုင်ခြင်းမရှိသေးပေ။

သို့သော် ထိုခရစ်တော်တည်းဟူသော တပါးတည်းသော ဘုရားသခင်၏ သားတော်သည် လူ့အကြံအစည် ဦးနှောက်နှင့် လိုက်မမှီ၊ နားမလည်နိုင်ခြင်း

များစွာထဲမှ ကျွန်ုပ်တို့ကို ဖြစ်ပွားစေခဲ့သည်။ သူ၏ အမှားယွင်းကင်းစွာ တိကျသော စေခိုင်းချက် ညွှန်ကြားမှုအောက်၌ ဤစကြာဝဠာအစိတ်အပိုင်းများ၏ အသေးဆုံးမှ အကြီးဆုံးတိုင် အစီစဉ်တကျဖြစ်တည်ရှိနေနိုင်ခြင်းသည် ထိုသခင် ၏ အံ့ဩဖွယ်အကြံစည်အတိုင်းပင်ဖြစ်သည်။

ဤအဖြစ်တွင် ထိုသခင်၏ မိမိအပေါ် လူသားအဖြစ် တရားဝင် ပိုင်ဆိုင်မှုကို ဝန်ခံရခြင်းသည် မိမိကိုဖန်ဆင်းခဲ့ခြင်းသာမက ထိုဖန်ဆင်းရှင်မှ တပါး အဘယ်သူသည် မိမိကို သာ၍နားလည်တာဝန်ယူနိုင်မည်နည်း? ထိုသခင်၏ အသွင်သဏ္ဍာန်တော်အတိုင်း ဖန်ဆင်းခံထားရသောကြောင့် ကျွန်ုပ်ကို ပိုင်ဆိုင်သူမှာ ထိုသခင်မှတပါး အခြားမရှိကြောင်း ရှင်းလင်းစွာသိနိုင်ပေသည်။ သို့သော် လူတော်တော်များများက ထိုအချက်ကို ငြင်းဆန်ကြသည်။ ဘုရားနှင့် လူသားအကြား ထိုကဲ့သို့သော မိဿဟာယရှိကြောင်း (သို့) မိမိသည် လူသား တစ်ယောက်အဖြစ် အသက်ရှင်လာရခြင်းသည် ဖန်ဆင်းခံရခြင်းကြောင့် မဟုတ်ဘဲ အခြားအခြားသော အယူဝါဒ၊ ဆင့်ကဲဖြစ်စဉ်၊ ဖြစ်တည်မှု အကျိုးဆက် သံသရာကြောင့်ဟု ဆင်ခြင်ပေးကြသည်။ ဘုရားသခင် လူသားကို ဖန်ဆင်းခဲ့သည်ဟူသော သမ္မာတရားကို လူအများက မိမိအသိညာဏ်နှင့် တွက်ချက်၍ ဝန်ခံရမည့်အရေးသည် စွန့်စားခြင်းကဲ့သို့ဖြစ်ပြီး ဖြစ်နိုင်ချေလည်း နည်းပါးကြောင်း ဆင်ခြင်ပေးကြသည်။ သို့သော် ထိုသခင်ကတော့ လူသား၏ မယုံကြည်ခြင်းကြောင့် ဘုရားနှင့်လူအကြား ပျက်စီးသွားသော မိဿဟာယကို ဒုတိယအကြိမ် ပြန်လည်တည်ဆောက်ခြင်းဖြစ်သည်။ ထိုအရာကို ကယ်တင်ရှင်ယေရှုအားဖြင့် ကရာနီလမ်း၌ သက်သေပြခဲ့သည်။ သူ၏နှလုံးသားမှ နက်ရှိုင်းသော ဆန္ဒမှာ လူသားများကို သူ၏မေတ္တာအောက်၌ ပြန်လည်ခိုလှုံစေရန် ဖြစ်သည်။ လူသားများခံရမည့် အပြစ်ဒဏ်အတွက် မိမိကိုယ်ကို ခေါင်းငုံ့ခံ အဖိုးအခပေးခဲ့သည်။ သမ္မာကျမ်းစာ၌ **“ငါတို့ရှိသမျှသည် သိုးကဲ့သို့ လမ်းလွဲလျက် ကိုယ်လမ်းသို့ အသီးသီးလိုက်သွားကြသည်ဖြစ်၍ ထာဝရဘုရားသည် ခပ်သိမ်းသော ငါတို့၏အပြစ်များကို သူ(ယေရှု)ပေါ်၌ တင်တော်မူ၏”** (ဟေ ၅၃း၆)။ မိမိကို ကယ်တင်ရန် ပေးခဲ့ရသောသူ၏ အဖိုးအခတန်ဖိုးနှင့် အသွေးတော်သွန်းခဲ့ရခြင်းသည်ပင် မိမိကို ပိုင်ဆိုင်ဖို့တွက် တန်ဖိုးထားသောသူ၏ စိတ်သဘောကို သိရသည်။ ထို့ကြောင့် ထိုသူ (ယေရှု)က **“ငါသည် ကောင်းသောသိုးထိန်းလည်းဖြစ်၏။ ကောင်းသော သိုးထိန်းသည် သိုးတို့အဖို့အလို့ငှာ မိမိအသက်ကို စွန့်တတ်၏။”** (ယော ၁၀း၁၁) ဟု ပြောဆိုခြင်း ဖြစ်သည်။ ထို့ကြောင့် လူသည် မိမိကိုယ်မိမိ မပိုင်ကြောင်း အဖိုးအခပေးရန် ဝယ်ထားခံရသူဖြစ်ကြောင်းနှင့် ထိုသူသည် မိမိအသက်ကို ပိုင်ဆိုင်ကြောင်း ထောက်ဆိုနိုင်သည်။

စာရေးသူ၏ဘဝတွင် ပထမဆုံးသိုးတစ်ကောင် ပိုင်ဆိုင်စဉ်ကာလကို ပြန်လည် ဆင်ခြင်စဉ်းစားလျှင် ပိုင်ဆိုင်ရယူလိုစိတ်ရှိခြင်းက အဓိက အလွန်ကျသည်။ ထိုသိုးများကို ပိုင်ဆိုင်လာရခြင်းသည် မိမိက ရှာဖွေစုဆောင်းထားသော ချွေးနဲစာဖြင့် ဝယ်ယူခဲ့သောကြောင့်ဖြစ်သည်။ ချွေးနှင့်မျက်ရည်များနှင့် ရန်းကန်ရင်း မိမိကိုယ်ခန္ဓာကို အရင်းပြုကြိုးစားခဲ့ရသည်။ မိမိခန္ဓာနှင့် ရင်းနှီးကာ ပိုင်ဆိုင်ခဲ့ရသည်ဖြစ်၍ မိမိနှင့် သိုးတို့သည် တသွေးတသားတည်း ဖြစ်လာသည်။ အပြင်သဏ္ဍာန်အားဖြင့် ကွာခြားချက်များစွာရှိသော်လည်း အတွင်း၌ ခွဲခြားမရသော ရင်းနှီးပတ်သက်မှုများစွာ ရှိနေသည်။ မိမိ ချွေးနဲစာနှင့် ဝေဒနာခံ ပိုင်ဆိုင်ခဲ့ရသော သတ္တဝါများသည် မိမိတွက် လွန်စွာတန်ဖိုးကြီးမားသူများဖြစ်သည်။ သူတို့ကို ဝယ်ယူမိသောနေ့မှစ၍ နောင်နှစ်ကာလရှည်ကြာစွာ မိမိသည် ပိုင်ရှင်တစ်ယောက်အနေဖြင့် သူတို့အတွက် အသက်တာကို ပုံအပ်ရင်း အသက်ရှင်ရမည့်အကြောင်း၊ ထိုသိုးတို့ကို ကြီးထွားရင့်သန်လာအောင် ပြုစုစောင့်ရှောက်ကျွေးမွေးရမည့်အကြောင်း သံမဏိ၌ခြာန်ချထားရသည်။ သိုးတစ်ကောင်၏ ပင်ကိုယ်သဘာဝကပင် မိမိကိုယ်ကို ကာကွယ်ကြည့်ရှုတ်သော သတ္တဝါမျိုးမဟုတ်ဘဲ အခြားသော မွေးတိရိစ္ဆာန်များနှင့် ကွာခြားစွာပင် သူတို့ ပင်ကိုယ်သဘာဝကိုက အမြဲသတိပြုကြည့်ရှုပေးရန် လိုအပ်သော သတ္တဝါများ ဖြစ်ကြောင်း သိရှိရသည်။ ဘုရားသခင်က ကျွန်ုပ်တို့ကို သိုးသတ္တဝါနှင့် ခိုင်းနှိုင်းခြင်းသည် မတော်တဆမဟုတ်ဘဲ လူနှင့်သိုးတို့သဘာဝအကြား၌ မှားယွင်းမှုပြုလုပ်တတ်သော အလေ့အထ၊ ပတ်ဝန်းကျင်အခြေအနေအပေါ် ကြောက်ရွံ့စိတ်၊ တခါတရံခေါင်းမာ၍ တစောက်ကန်းလုပ်တတ်ခြင်းနှင့် နာခံခြင်း၌ တွန့်ဆုတ်တတ်မှု စသည့် တူညီသော အလေ့ထစရိုက်များစွာရှိခြင်း

ကြောင့် ဖြစ်သည်။ ထိုအကြောင်းအရာများကြောင့်လည်း ထိုသခင်က လူသားတစ်ယောက်စီတိုင်းအပေါ် ကျေးဇူးပြုခြင်း၌ သိုးထိန်းတစ်ဦးမှ မိမိသိုးများကို ကျေးဇူးပြုရာတွင် အဖိုးခနှင့်ဝယ်ယူခြင်း၊ တစ်ကောင်ချင်းစီအလိုက် လိုအပ်ချက်တစ်ခုစီ ခွဲခြားသိမှတ်ခြင်း၊ ဝမ်းမြောက်စွာ ဂရုစိုက်ပြုစုပေးသကဲ့သို့ သဏ္ဍာန်တူ ခိုင်းနှိုင်းဖော်ပြထားသည်။ ထိုသခင်သည် မိမိအတွက် အမြဲတစေ ကိုယ်ကျိုးစွန့် အနစ်နာခံသူ၊ ကြားဝင်တောင်းပန်ပေးသူ၊ ဂရုဏာနှင့်ပြည့်ဝရန် ဝိညာဉ်တော်အားဖြင့် စောင့်ထိန်းသူ၊ သာ၍အကျိုးနှင့်ပြည့်စုံသော ဘဝသစ်ကိုခံစားနိုင်ရန် အမြဲတာဝန်ယူဆောင်ရွက်ပေးမည်ဟု ကတိထားသူဖြစ်တော့သည်။

တနည်းအားဖြင့် ၂၃–ခုမြောက် ဆာလံကို **“ဘုရားသခင်ပိုင်ဆိုင်သော လူသားအပေါင်း၏ကိုယ်စား ဒါဝိဒ်မှ ထာဝရဘုရားကို ချီးမွမ်းခြင်းသီချင်း”**ဟု ပင် တင်စားလောက်သည်။ အကြောင်းမှာ ဤကဗျာလင်္ကာတစ်ခန်းလုံး၌ ကောင်းသော သိုးထိန်းတစ်ဦး၏ မိမိသိုးများ ကောင်းစားရေးအတွက် ပေးဆပ် ဆောင်ရွက်ပုံအဆင့်ဆင့်ကို ထပ်ခါထပ်ခါ တင်ပြထားသောကြောင့်ဖြစ်ပြီး ဆာလံဆရာကလည်း ထိုအခြေအနေအရပ်ရပ်အပေါ် ဂုဏ်ယူဝံ့ကြွားဖော်ပြထားသည်။

စာရေးသူသည် တချိန်က မိမိမွေးမြူရေးခြံဘေးရှိ သိုးခြံတစ်ခုကို အမှတ်ရမိသည်။ ထိုသိုးခြံကို စောင့်ရှောက်သူမှာ အခကြေးငွေဖြင့် ငှားရမ်းထားသူဖြစ်သောကြောင့် သိုးများကို ဂရုစိုက်ခြင်းမရှိ။ သိုးများမှာ မဝရေစာစားရ၍ ပိန်းချုံးနွမ်းလျကာ မကျန်းမမာ အနာရောဂါစွဲကပ်ခံရသော သိုးနာများကဲ့သို့ဖြစ်နေသည်။ ထိုသိုးများသည် စာရေးသူ၏ ခြံစည်းရိုးအစပ် ကာရန်ထားသော သံဆူးကြိုးဘေး အကြိမ်ကြိမ်လာရပ်ကြပြီး ခြံဝင်းအတွင်းရှိ စိမ်းလန်းစိုပြည်သော စားကျက်နှင့် ပျော်ပါးစွာ စားသောက်နေသော ကျန်းမာကြံ့ခိုင်သည့် သိုးတို့ကို ငေးမောအားကျနေကြောင်းတွေ့ရသည်။ ထိုသိုးများသာ စကားပြောတတ်လျှင် “ငါတို့ရဲ့ စိတ်ပျက်ဖွယ်ရာ လခစားသိုးထိန်းထံမှ လွတ်မြောက်ချင်ပြီဟု အော်ဟစ်ငိုကြွေးကြလိမ့်မည်။ ထို့ကြောင့် ကျွန်ုပ်သည် သိုးထိန်းကောင်းတစ်ယောက်၏ ပိုင်ဆိုင်မှုအနှစ်သာရကို မခံစားရဘဲ အပြစ်တရားနှင့် စာတန်တည်းဟူသော သိုးထိန်းတု သိန်းထိန်းယောင်၏ ညှင်းပန်းနှိပ်စက်မှုအောက် အသက်ရှင်နေရသော သိုးပိန်၊ သိုးခြောက်၊ သိုးမလောက် တနည်းအားဖြင့် သိုးရုပ်မပေါက်သော သိုးအများနေသော ထိုခြံဝင်း၏ မြင်ကွင်းကို အမြဲအမှတ်ရမြင်ယောင်မိသည်။ ယနေ့ လူသားအယောက်စီတိုင်းသည် ကယ်တင်ပိုင်ရှင်သခင်၏ မြင့်မြတ်သော ဂရုဏာတော်ဖြင့် မိမိအသက်ကို ရွေးဝယ်ကယ်နှုတ်လိုက်သောအခါ တရားလက်လွတ်ပြုကျင့်သူ၏ စီရင်မှုအောက် အမင်္ဂလာကို ခံစားရပြီဟု ခံယူရင်း ခါးသီးစွာ ငြင်းဆန်တတ်ခြင်းမှာ အံ့ဩမကုန်နိုင်ဖွယ်ပင်။ ရုတ်တရက်ဆိုလျှင် ထိုကယ်တင်ရှင်မေရှိယ၏ သဘောသဘာဝကို ဝါကျအဓိပ္ပါယ်ဖွင့်ဆိုရန် ခက်ခဲသည်။ ပုံပမာဝတ္ထုအများနှင့် လွဲမှားသော ကောက်ချက်ချခြင်းများက ထိုပုဂ္ဂိုလ်တော်မြတ်ကို သေးသိမ်စေသည်။ သို့သော် သမိုင်းအထောက်အထား၊ ထိုခေတ်အခါ၏ ယဉ်ကျေးမှုနှင့် သမ္မာတရားကို သေချာလေးနက်စွာ ထောင့်စေ့လေ့လာလျှင် လောက၌ (၃၃) နှစ်မျှသာ အသက်ရှင်နေထိုင်ခဲ့သော လူတစ်ယောက်အနေဖြင့် ထိုမျှလောက် တုနှိုင်းဖွယ်ရာမေတ္တာ၊ အံ့ဩဖွယ်ရိုးသား ဖြောင့်မတ်တည်ကြည်ခြင်းကို သူ၏အသက်တာ၌ တွေ့ရပေမည်။ သူသည် စက်ဆုပ်ဖွယ်ရာ နိမ့်ကျသောပတ်ဝန်းကျင်၌ သာမန်အခြေခံလူတန်းစားအဖြစ် မွေးဖွားခြင်း ခံခဲ့ရသော်လည်း သူ့လောက်မျှတသောသူ၊ ခင်မင်နှစ်လိုဖွယ်ကောင်းသောလူမျိုး၊ လူ့အသိုင်းအဝိုင်း၊ သမိုင်း၌ တစ်ဦးတစ်ယောက်မျှပင် မပေါ်ပေါက်၊ မဖွားမြင်ခဲ့ဖူးပေ။ သူ၏ သူငယ်အရွယ်တွင်လည်း ပညာရေး၌ဖြစ်စေ၊ လုပ်ငန်းကိုင်ငန်း၌ဖြစ်စေ၊ သာမန်ထက် ထူးခြားသော အကျိုးခံစားခွင့်များ မခံစား၊ မပျော်ပိုက်ခဲ့ရပါသော်လည်း သူရနိုင်စွမ်းများစွာသော ဂုဏ်ကြီးမြင့်မြတ်ခြင်းနှင့် အထင်ကြီးလေးစားခံရခြင်းတို့ကို ငြင်းပယ်ရှောင်ရှားခဲ့သည်။ သူ၏ ပြီးပြည့်စုံသော သွန်သင်ချက် ဘဝအတွက် မှန်ကန်သော ထွက်မြောက်ရာလမ်းအတွက် သော့ချက်များသည် လူ့သက်တမ်း သမိုင်းတစ်လျှောက်တွင် အဆင့်တန်း အမြင့်ဆုံးသော ပို့ဆောင် ညွှန်ကြားသူအဖြစ် အသိမှတ်ခံရသည်။ သို့သော် သူ၌ စီးပွားရေးလုပ်ငန်း ပိုင်ဆိုင်မှု နောက်ခံကျောရိုးတောင့်တင်းခြင်း၊ နိုင်ငံရေးဩဇာအာဏာသော်လည်းကောင်း၊ စစ်ဘက်ဆိုင်ရာလက်နက်ကိုင် နောက်လိုက်လူအစုအဝေးတစ်ခုမှ မပိုင်သော်လည်း၊ ကမ္ဘာ့သမိုင်းတစ်လျှောက်တွင် မည်သူတစ်ဦးတစ်ယောက်ကမျှ သူ့လောက် ကြီးမား

ဆန်းကျယ်သော ပြောင်းလဲမှုမျိုး မစွမ်းဆောင်နိုင်ခဲ့ပေ။ သူ့တစ်ယောက်ကြောင့်သာ နှစ်ပေါင်း နှစ်ထောင် (ရာစု ၂၀) အတွင်း လူသန်းပေါင်းများစွာအတွက် တင့်တယ်သောဘဝ၊ ဂုဏ်အသရေနှင့် ခမ်းနားသိုက်မြိုက်ခြင်းနှင့် မွန်မြတ်ခြင်းတို့ကို ဆောင်ကျဉ်းပေးခဲ့သည်။ သူသည် နူးညံ့သိမ်မွေ့သောသူ၊ ကြင်နာတတ်သောသူ၊ သစ္စာရှိသောသူဖြစ်ရုံသာမက ဖြောင့်မတ်သူ၊ အထူးသဖြင့် ပရိယာယ်နှင့် လှည့်စား ကလိန်ကျသူများအပေါ် တင်းမာစွာ၊ ခက်ထန်စွာ ဆက်ဆံတတ်သူလည်းဖြစ်သည်။ သူသည် အပယ်ခံလူတန်းစားများအပေါ် အုံ့ဩဖွယ်ကောင်းလောက်အောင် ခွင့်လွှတ်ခြင်းတရား၌ သဘောထားကြီးမြတ်သောသူဖြစ်သော်လည်း မမှန်သောသက်သေခံသူများ (သို့မဟုတ်) လျှာနှစ်ခွနှင့် ပြောဆိုဆက်ဆံခြင်းအပေါ် နှစ်သက်လိုက်စားသူများအပေါ် အလွန်ကြောက်မက်ဖွယ်ကောင်းသူအဖြစ် ဆက်ဆံတတ်ပြန်သည်။

သူ့ကိုအကြွင်းမဲ့ချစ်ပြီး သူ၏လုပ်ဆောင်ချက်များကို နားလည်လက်ခံကာ မိမိတို့၏အသက်တာ ဆက်ကပ်သောသူများကို ပြုခဲ့မိသော သူတို့၏အပြစ်တရားမှ ချည်နှောင်ခြင်း၊ သူတို့၏ အတ္တတို့ကို နိဂုံးချုပ်ပေးရန် ဘုရားဇာတိမှ လူ့ဇာတိခံမွေးဖွားခဲ့ခြင်းဖြစ်သည်။ သူသည် မိမိကိုယ်ကို ကောင်းသောသိုးထိန်း၊ နားလည်မှုရှိသော သိုးထိန်းအဖြစ်သာမက ဝိညာဉ်ရေးရာ၌ မျက်စိကွယ် အမှောင်ဖုံးကာ လမ်းပျောက်နေသူအပေါင်းတို့ကို ရှာဖွေကယ်တင်ပြီး မွမ်းမံပြင်ဆင်မှုကို ပေးချင်သော ဂရုစိုက်သော သိုးထိန်းဖြစ်ကြောင်း အခိုင်အမာပြောဆိုထားသူဖြစ်သည်။ တစ်စုံတစ်ဦးက ထိုသခင်၏ ပြုပြင်ထိန်းချုပ်မှု အောက်စတင်ဝန်ခံသည့်အချိန်မှစ၍ ထိုသခင်နှင့်ဝန်ခံသူနှစ်ဦးအကြား၌ လတ်ဆတ်သစ်လွင်၍ တုန္နိုင်းစရာမရှိသော ရင်းနှီးမှု၊ မိဿဟာယကို ရှင်းလင်းစွာတွေ့မြင်ရမည်။ ထို့ကြောင့် ထိုသူကဲ့သို့သော သိုးထိန်း၏ပိုင်ဆိုင်မှုကို ခံစားရရှိထားသူ၌ ထင်ရှားသော တန်ဖိုးကြီး အရာတစ်ခုခုရှိပေလိမ့်မည်။ ထို ထင်ရှားသော အမှတ်အသားတစ်ခုခုအားဖြင့်သာလျှင် သူ့ကို လူအများကြားမှ ခွဲထုတ် ရွေးချယ်သိရှိနိုင်ပေလိမ့်မည်။

စာရေးသူသည် ပထမဆုံးအကြိမ် သိုးအကောင်သုံးဆယ် ဝယ်ယူခဲ့စဉ်က အိမ်နီးနားချင်းအဖော်တစ်ဦးနှင့်အတူ ဖုန်ထူသော သိုးခြံတံခါးဝဘောင်အပေါ် တက်ထိုင်ကြရင်း ကျန်းမာကြံ့ခိုင်ပြီး အချိုးအဆစ်လှပသော သိုးများကို ကျေနပ်လောက် ရွေးချယ်ဝယ်ယူနိုင်ခဲ့ခြင်းအပေါ် ပီတိဖြစ်နေမိသည်။ ရုတ်တရက် အိမ်နီးချင်းအဖော်ဖြစ်သူမှ ကြိုးမားပြီး အသွားထက်မြက်သော ဓားမြှောင်တစ်ချောင်းကို ဆွဲထုတ်ပြီး ကျွန်ုပ်လက်ထဲထိုးထည့်ကာ “အခု ဒီသိုးတွေဟာ မင်းရဲ့သိုးတွေဖြစ်သွားပြီ။ ဒါကြောင့် သွားပြီး တစ်ကောင်ချင်းစီကို အမှတ်အသားလုပ်ပါ” ဟု ပြောလေသည်။ သူ၏ ဆိုလိုရင်းနှင့် လုပ်ရမည့် ကျွန်ုပ်၏တာဝန်ကို ချက်ချင်းသတိရမိသည်။ သိုးထိန်းတိုင်းသည် မိမိတို့သိုးကို အကွာဝေးတစ်နေရာမှပင် ခွဲခြားသိရှိနိုင်ရန် နားရွက်တစ်ဖက် (သို့) နှစ်ဖက်လုံး၌ ဓားနှင့်လှီးဖြတ်၍ အမှတ်အသားပြုလုပ်လေ့ရှိသည်။ သိုးတစ်ကောင်ချင်းစီကို ဖတ်ယမ်းလှဲချရပြီ စဉ်နှီတုံးပေါ် နားရွက်ကိုတင်ကာ ပါးလွှထက်ရှသော ဓားဦးနှင့် နက်ရှိုင်းစွာ လှီးဖြတ်အမှတ်အသားပြုလုပ်ရခြင်းမှာ အဆင်ပြေ လွယ်ကူချော့မွေ့သော အလုပ်တစ်ခုမဟုတ်ပါ။ သိုးပိုင်ရှင်ရော သိုးသတ္တဝါ နှစ်ဦးစလုံးနာကျင်စွာခံစားရပါသည်။ တစ်ဖက်မှ ပြန်ကြည့်ပြန်လျှင် သူတို့ခံစားရသောဝေဒနာအားဖြင့် ဤပိုင်ရှင်ကောင်း၏ အမှတ်အသားသည် သူတို့ကိုယ်ပေါ်၌ မည်သို့မျှ ပျောက်ပျက်ဖုံးကွယ်မရအောင် ထင်ရှားသွားသောကြောင့် အနာဂတ်အခြေနေအရပ်ရပ်အတွက် နှစ်ဦးစလုံးပျော်ရွှင်ရပြန်သည်။

ဤအချက်အတွက် စိတ်ဝင်စားဖွယ်တူညီသောအကြောင်းကို ဓမ္မဟောင်းခေတ်ကာလတွင် တွေ့ရသည်။ ဟေဗြဲအိမ်၌ရှိသော အစေခံကျွန်သည် မိမိ၏လွတ်လပ်စွာ ရွေးချယ်ခွင့်နှင့် ဤအိမ်၏ရာသက်ပန်အဖွဲ့ဝင်ဖြစ်လာရန် ပြုလုပ်ရသည့် ထုံးစံတစ်ခုရှိပါသည်။ ထိုကျွန်နှင့် သူ၏သခင်ပိုင်ရှင်သည် သူ့ကိုအိမ်ရှေ့တံခါးဝသို့ခေါ်သွားပြီး နားရွက်အဖျားကို တံခါး၌ကပ်ခါ ဆူးတစ်ချောင်းကို နားရွက်ဖျားအတွင်းရိုက်သွင်း အမှတ်သညာပြုသည်။ ထိုအချိန်မှအစပြု၍ ထိုအိမ်၏ ရာသက်ပန် အစေခံကျွန်အဖြစ် သတ်မှတ်ခြင်းခံရလေသည်။

သို့ဖြစ်၍ တစ်စုံတစ်ယောက်သောသူက ထိုကယ်တင်ရှင်၏ ရွေးနှုတ်ခြင်းကို ခံစားသိရှိပြီး ကျေးဇူးသစ္စာတော်ကို စောင့်သိရိုသေခြင်းအားဖြင့် မိမိဘဝတစ်ခုလုံးကို အကြွင်းမဲ့ပုံအပ်ပြီးဟု ဆိုခဲ့လျှင် မိမိသခင်၏ အမှတ်အသားမိမိ၌ရှိနေပြီလားဟူသော မေးခွန်းကို မိမိကိုယ်မိမိ ပြန်မေးတတ်ရန် လိုအပ်သည်။

ထိုသခင်၏ အသက်စွန့် အသွေးသွန်းခဲ့သော လက်ဝါးကားတိုင်သည် မိမိ၏ ဇာတိလူကို နေ့စဉ်တင်သတ်နေရမည့် ထိုသခင်ပေးထားသော အမှတ်အသားပင် ဖြစ်သည်။ **"ထာဝရဘုရားသည် ငါ၏သိုးထိန်းဖြစ်တော်မူသည်"** ဟု မကြာခဏရွတ်ဆိုတတ်သော မိမိ၌ ထိုအမှတ်အသားရှိပါရဲ့လား? ယေရှုက ရှင်းလင်းတိကျပြတ်သားစွာ မိန့်တော်မူခဲ့ပါသည်။ **"သင်တို့၌ တစ်စုံတစ်ယောက်သောသူသည် ငါ၏တပည့်ဖြစ်လိုလျှင် ကိုယ့်ကိုယ်ကို ငြင်းပယ်ရမည်။ ကိုယ့်လက်ဝါးကပ်တိုင်ကိုယ်ထမ်း၍ ငါ့နောက်သို့လိုက်ရမည်။" (လုကာ ၉း၂၃)**

အခြေခံအားဖြင့် အချုပ်ဆိုရသော် လူတစ်ဦးက ပြောင်လက်တောက်ပသလိုနှင့် စိတ်ရှုးပေါက်ပြီး ရွှေ့လျော့ဖောက်ပြန်ပျက်စီး၍ မတည်မြဲနိုင်သော ဘဝအသက်တာမှ ဘုရားသခင်၏ စောင့်မကြည့်ရှုမှုအောက်၌ စိတ်လှုပ်ရှားဖွယ်ရာအပြည့် ကျေနပ်နှစ်သိမ့်မှုအပြည့်နှင့် ကြွယ်ဝသောအသက်တာသို့ ကူးပြောင်းရောက်ရှိရန် ယနေ့ ဘုရားသခင်လိုလားသည်။ ဆိုးဝါးသော အမှန်တရားတစ်ခုမှာ **"ထာဝရဘုရားသည် ငါ၏သိုးထိန်းဖြစ်တော်မူသည်"** ဟု မကြာခဏပြောဆိုတတ်ကြပြီး ထိုသိုးထိန်းတည်းဟူသော ဘုရားသခင်၏ လမ်းညွှန်မှုနှင့် အလိုတော်အောက်သို့ တစ်ခါမျှပင် ရောက်ခဲ့ဖူးခြင်းမရှိကြပါ။ အမှန်တကယ် ထိုသူတို့သည် ထာဝရဘုရားကို မိမိ၏သိုးထိန်းအဖြစ် ဦးနှောက်အသိ၌ အရိပ်ယောင်မျှသာ ရိုးတိုးရိပ်တိတ်ဝန်ခံရင်း ထိုသခင်၏ ကာကွယ်မှုနှင့် ကောင်းချီးမင်္ဂလာများကို သာ၍ကြီးမားစွာ မျှော်လင့်စောင့်စား အသက်ရှင်နေသူများ၊ မိမိဘက်မှ ဇာတိအလိုအတိုင်း အသက်ရှင်ရင်း ထိုသခင်အတွက် အဘယ် အဖိုးအခမျှ ပြန်မပေးချင်သူများ၊ သံလျပ်ရေထင် ရှုးမိုက်သော ဘဝအသက်တာ၌ ပြောင်လက်တောက်ပသလိုရှိသော ဆပ်ပြာပူဖောင်းများကို လိုက်ဖမ်းရင်း အသက်ရှင် ကျေနပ်နေသူများဖြစ်သည်။

လူတစ်ယောက်သည် လမ်းနှစ်လမ်းကို တစ်ချိန်တည်း၌ လျှောက်၍ မရနိုင်ပါ။ သခင်တစ်ဦး၏ အစေခံသာဖြစ်နိုင်ပါမည်။ သခင်ယေရှုကိုယ်တိုင်က တစ်နေ့ရောက်လျှင် လူအများက **"သခင်၊ ကျွန်ုပ်တို့သည် သခင့်နာမတော်အားဖြင့် အံ့ဩဖွယ်ရာများ ပြုခဲ့ပါပြီမဟုတ်လား"** ဟု ဆိုသည့်တိုင် ထိုသခင်က သူတို့ကို သူပိုင်ဆိုင်သော လူများအနေဖြင့် မသိကြောင်း ပြောဆိုကာ မောင်းထုတ်မည့်အကြောင်း အထူးသတိပေးကာ မိန့်တော်မူခဲ့သည်။

ဤအချက်သည် အလွန်အရေးကြီးသောအချက်ဖြစ်ပြီး ယုတ္တိယုက္တာ လျော်ညီစွာဖြင့် မိမိနှင့် ထိုသခင်ကြားရှိ ရင်းနှီးကျွမ်းဝင်မှု၊ မိဿဟာယဖွဲ့မှု အတိုင်းအတာတို့ကို မိမိ၏စစ်မှန်သော နှလုံးသားခံစားချက် လိုအင်ဆန္ဒရင်းမြစ်တို့ကို သဲကွဲစွာ သေချာစွာ ဆင်ခြင်ရမည်။

- **မိမိဟာ တကယ်ပဲ သူပိုင်ဆိုင်သောသူဖြစ်ရဲ့လား?**
- **မိမိပေါ်မှာ သူ့ရဲ့စီရင်ပိုင်ခွင့် အာဏာရှိကြောင်း သတိပြုမိရဲ့လား? မိမိဟာ တကယ်ပဲ သူ့ရဲ့ထိန်းချုပ်မှုနဲ့ ပိုင်ဆိုင်မှုရှိခြင်းကို တုန့်ပြန်သူဖြစ်ရဲ့လား?**
- **မိမိဟာ တကယ်ပဲ သူ့ရဲ့စီစဉ်ညွှန်ကြားမှုအောက်မှာ လွတ်လပ်ခြင်းနှင့် ပြည့်စုံသော လုံလောက်မှုခံစားရရဲ့လား?**
- **သူ့ရဲ့လမ်းပြမှုအောက်၌ ရှိနေခြင်းကြောင့် သူ့ရဲ့အလိုတော်နှင့် နက်ရှိုင်းသော စေခိုင်းချက်များကို သတိပြု ကြားယောင်မိသလို ရှိရဲ့လား?**
- **မိမိကို သူပိုင်ဆိုင်သောကြောင့် ရင်ခုန်စိတ်လှုပ်ရှားဖွယ်ရာ ခရစ်ယာန်အသက်တာလမ်းမှာ ငြိမ်ဝပ်စွာနေရခြင်းနှင့် တုန့်ပြန်ရင်းနှီးမှုရှိခြင်းအပေါ် သိရှိအကြွမ်းဝင်ရဲ့လား?**

အမှန်တကယ် ဒီမေးခွန်းအားလုံးအပေါ် ဩတပ္ပစိတ်ကြည်ကြည်လင်လင်နဲ့ ရင်ကော့ပြီး သူဟာ မိမိကိုပိုင်ဆိုင်ကြောင်း သေချာသွားတယ်ဆိုရင် စာရေးသူအနေနဲ့ ထိုစစ်မှန်သော အဖြေအပေါ် စိတ်မောစွာစောင့်နေရကျိုးနပ်ပါတယ်။ ကျွန်ုပ်တို့လည်း ဆာလံဆရာ ဒါဝိဒ်လိုပဲ ဂုဏ်ယူစွာနဲ့ **"ထာဝရဘုရားသည် ငါ၏သိုးထိန်းဖြစ်တော်မူ၏"** ကြွေးကြော်နိုင်ပြီ။ သူသည် ကျွန်ုပ်တို့ကိုပိုင်ဆိုင်သောကြောင့် သူပိုင်ဆိုင်သော အရာခပ်သိမ်းသည် ကျွန်ုပ်တို့ကိုပေးရန် အမွေပင်ဖြစ်ကြောင်း စိတ်လှုပ်ရှားဖွယ် သိရှိရသည်။ ရှေ့အနာဂတ် ခရီးလမ်းတွင်လည်း မည်သို့ပြောင်းလဲခြင်းများစွာနဲ့ ကြုံရဆုံရပါစေ၊ လောကကို အောင်မြင်သူ၏လက်ထဲ၌ အသက်ရှင်ခွင့်ရသော ကျွန်ုပ်မှာ သာ၍ကြီးထွားခြင်း၊ သာ၍ ကောင်းစားခြင်းများသာ ခံစားရအံ့မည်ဖြစ်တော့သည်။

(မှတ်ချက်။ ။Phillip W Keller ၏ Psalm (23) စာအုပ်မှ
ဒေးဗစ်မိုးထွန်းကျော် ဆီလျော်အောင် ဘာသာပြန်ပါသည်။)